မြန်မာ ဗုဒ္ဓဘာသာ အသင်း (အွန်တာရီယို)၏ လုပ်ကိုင် ဆောင်ရွက်ချက်များအတွက် ဖွဲ့စည်းပုံ ဥပဒေ
(ပြင်ဆင် သတ်မှတ်သောနှစ် - ၂၀၁၈)

## ၁။ အဓိပ္ပါယ် ဖွင့်ဆိုချက်

၁-၀၁။ ဤ ဖွဲ့စည်းပုံ ဥပဒေကို "အသင်းဥပဒေ အမှတ် ၁ (၂၀၁၈ ပြင်ဆင်ချက်)" ဟုလည်း ခေါ်တွင်သည်။ အောက်ပါ စာပိုဒ်များတွင် စာအသွားအလာအရ အခြား အဓိပ္ပါယ် ဆောင်သည်ဟု မယူဆ နိုင်ပါက ...

(၁) "အသင်း" ဆိုသည်မှာ မြန်မာ ဗုဒ္ဓဘာသာ အသင်း (အွန်တာရီယို) ဟု ဆိုလိုသည်။
(၂) "ညွှန်အဖွဲ့" ဆိုသည်မှာ ညွှန်ကြားရေးမှူးများ ပါဝင်သော ဘုတ်အဖွဲ့ ဟု ဆိုလိုသည်။
(၃) "အမှုဆောင်အဖွဲ့" သို့မဟုတ် "အမှုဆောင် ကော်မတီ (EC)" ဆိုသည်မှာ အသင်း၏ အကျိုးကို ထမ်းဆောင်ရန် အဖွဲ့ဝင်အားလုံးမှ ရွေးကောက် တင်မြှောက်ထားသော စေတနာ့ဝန်ထမ်း အသင်းဝင်များ ပါဝင်သော အဖွဲ့ကို ဆိုလိုသည်။
(၄) "အမှုဆောင် အရာရှိ" ဆိုသည်မှာ အမှုဆောင်အဖွဲ့တွင် ပါဝင်ပြီး အောက်ပါ ရာထူး တခုခုကို လက်ရှိ ကိုင်ဆောင်ထားသူ ဖြစ်၏။ အမှုဆောင် အရာရှိ ရာထူးများ ...
ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူး နှင့် ဘဏ္ဍာရေးမှူး
(၅) "ခန့်အပ် အရာရှိ" ဆိုသည်မှာ အခန်းကဏ္ဍ တခုမှ ပါဝင်ဆောင်ရွက်ရန်သော်လည်းကောင်း အထူးတာဝန်ထမ်းဆောင်ရန်သော်လည်းကောင်း ရည်ရွယ်၍ ညွှန်အဖွဲ့ သို့မဟုတ် အမှုဆောင်အဖွဲ့မှ ခန့်အပ်ထားသော ပုဂ္ဂိုလ် ဖြစ်သည်။
(၆) "ပြန်လည် အတည်ပြုသည်" ဆိုသည်မှာ ပုဂ္ဂိုလ်တဦးအား အသင်း၏ အရာရှိ တဦးအဖြစ် ခန့်အပ်ထားခြင်းသည် တစုံတရာ မပြောင်းလဲပဲ ဆက်လက် တည်မြဲမည်ဟု အတိအလင်း ကြေညာခြင်း ဖြစ်၏။
(၇) (ဘာသာပြန်ရန်မလို)
(၈) (ဘာသာပြန်ရန်မလို)

ဘာသာပြန်သူ၏ အမှာ - မြန်မာစကားတွင် အင်္ဂလိပ်ကဲ့သို့ တဦးတည်းကို ရည်ညွှန်းသော နာမ်စား (he, she) နှင့် အများကို ရည်ညွှန်းသော နာမ်စား (they) ဟူ၍ ခွဲခြားမှု မရှိပါ။ ထို့အတူ နမ်စားများတွင် "ကျား/မ" မရှိပါ။ ထို့ကြောင့် အထက်ပါ အဓိပ္ပါယ် ဖွင့်ဆိုချက် ၂ ရပ် (၇ နှင့် ၈) သည် မြန်မာဘာသာပြန် ဖွဲ့စည်းပုံ ဥပဒေအတွက် အကျုံး မဝင်ပါ။
အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော BBAO ၏ ဖွဲ့စည်းပုံ ဥပဒေ (မူရင်း) နှင့် ဤမြန်မာပြန် စာမူတို့ တစုံတရာ ကွဲလွဲပါက မူရင်းပါ အဓိပ္ပါယ်ကို အတည်ယူရမည်။

## ၂။ အသင်း၏ အမှတ်တံဆိပ်၊ ရုံးချုပ်နှင့် ဘဏ္ဍာရေးနှစ်

၂-၁၁။ အသင်း၏ အမှတ်တံဆိပ်သည် ညွှန်ကြားရေးအဖွဲ့မှ ပြဋ္ဌာန်းသော ပုံသဏ္ဍာန်အတိုင်း ဖြစ်ရမည့်အပြင် BURMA BUDDHIST ASSOCIATION OF ONTARIO ဟူသော စာတန်း ပါရှိရမည်။

၂-၁၂။ အသင်း၏ ရုံးချုပ်သည် အွန်တာရီယို ပြည်နယ် အတွင်းတွင် တည်ရှိရမည်။ ရုံးချုပ်တည်နေရာကို ညွှန်ကြားရေး အဖွဲ့မှ တရားဝင် ဆုံးဖြတ်ချက်ချခြင်းဖြင့် သတ်မှတ်နိုင်သည်။

၂-၁၃။ အသင်း၏ ဘဏ္ဍာရေးနှစ်သည် နှစ်စဉ် ၃၁ ရက် ဒီဇင်ဘာလတွင် ကုန်ဆုံးသည်။

## ၃။ အသင်း၏ ရည်ရွယ်ချက်

အသင်း၏ ယေဘုယျ ရည်ရွယ်ချက်မှာ ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ပတ်သက်သော လုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် ဗုဒ္ဓ၏ တရားတော်များကို ဟောပြော ကြားနာရန် ဖြစ်သည်။ ထို ရည်ရွယ်ရင်း ပန်းတိုင်သို့ ရောက်ရန် လုပ်ဆောင်မည့် ကိစ္စများမှာ ...

၃-၁၁။ ဘာသာရေးနှင့် ပရဟိတလုပ်ငန်းများ သက်သက်ကို ဦးတည် ဆောင်ရွက်ရန်

၃-၁၂။ ဗုဒ္ဓဘာသာ၏ အတွေးအခေါ်များ၊ ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာတို့ကို လေ့လာရန်နှင့် ရှေ့တန်းတင် အားပေးရန်

၃-၁၃။ ကနေဒါနှင့် အခြား အရပ်ရပ်ရှိ ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းများ တဦးနှင့်တဦး ကူညီ ယိုင်းပင်းမှုကို တိုးပွားစေရန်

## ၄။ အသင်းဝင်ပုဂ္ဂိုလ်

၄-၁၁။ အသက် ၁၈နှစ် ပြည့်ပြီးသော မည်သူမဆို အသင်း၏ ရည်ရွယ်ချက်များကို နားလည်လက်ခံပြီး ချမှတ်ထားသော စည်းကမ်းများကိုလိုက်နာရန် သဘောတူပါက အသင်းဝင်တဦး ဖြစ်နိုင်သည်။

၄-၁၂။ အသက် ၁၄နှစ်နှင့် ၁၈နှစ်ကြားရှိ လူငယ်တဦးကို အသက် ၁၈နှစ်ပြည့်ပြီးသူ အသင်းဝင်တဦးမှ ထောက်ခံပါက အသင်းဝင်အဖြစ် လက်ခံနိုင်သည်။

၄-၁၃။ ကောင်းစွာတည်ဆဲ အသင်းဝင်ဆိုသူသည် အသင်း၏ အသင်းဝင်စါရင်းတွင် ပါဝင်ရမည့်အပြင် အသင်းဝင်ကဒ်ပြား လက်ဝယ်ပိုင်ဆိုင်ရှိရမည်။

၄-၁၄။ အသင်းဝင် လျှောက်လွှာပုံစံများကို အမှုဆောင်အရာရှိများထံမှ၊ သို့မဟုတ် အသင်း၏ ရုံးခန်းမှ တောင်းယူ ရရှိနိုင်သည်။

၄-၁၅။ အသင်းဝင်တဦးသည် သာမန်ထုံးစံအားဖြင့် ရာသက်ပန် အသင်းဝင် ဖြစ်နေမည်။

၄-၁၆။ လိုအပ်ပါက ညွှန်ကြားရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် အသင်းဝင်များထံမှ အသင်းဝင်ကြေး ကောက်ခံနိုင်သည်။

၄-၁၇။ အသင်းဝင်ကြေး ကောက်ခံနေစဉ် ကာလအတွင်း ဝင်ကြေးမပေးသဖြင့် အသင်းဝင်အဖြစ်မှ ရပ်စဲခံရသူသည် ညွှန်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ ဝင်ကြေးပေးခြင်းဖြင့် ပြန်လည် အသင်းဝင်နိုင်သည်။

၄-၁၈။ အသင်းမှ နှုတ်ထွက်လိုသော အသင်းဝင်သည် အသင်း၏ အတွင်းရေးမှူးထံ စာရေး၍ နှုတ်ထွက်နိုင်သည်။

၄-၁၉။ အသင်းဝင်တဦး၏ အကျင့်စာရိတ္တ အပြုအမူများသည် BBAO အသင်းဝင် တဦးအနေဖြင့် မသင့်တော် မဆီလျော်ပါဟု ညွှန်အဖွဲ့မှ သုံးပုံ၊ နှစ်ပုံမဲဖြင့် ဆုံးဖြတ်ပါက အဆိုပါပုဂ္ဂိုလ်သည် အသင်းဝင် အဖြစ်မှ ဖယ်ရှားခံရမည်။

## ၅။ ညွှန်ကြားရေးအဖွဲ့ (ဒါရိုက်တာဘုတ်အဖွဲ့)

၅-၁၁။ BBAO သည် အသင်း၏ မူလ ရည်ရွယ်ချက် လမ်းစဉ်အတိုင်း ဖြောင့်မှန်စွာ ရှိစေရန် ထိန်းကျောင်းပေးခြင်းသည် ညွှန်ကြားရေးအဖွဲ့ (ညွှန်အဖွဲ့) ၏ အဓိက တာဝန်ဖြစ်၏။

၅-၁၂။ ညွှန်ကြားရေးမှူး (ညွှန်မှူး) တဦးအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် ထိုသူပုဂ္ဂိုလ်သည် အသက် ၁၈နှစ် ပြည့်ပြီး BBAO ၏ ကောင်းစွာတည်ဆဲ အသင်းဝင် ဖြစ်ရမည်။

၅-၁၃။ ညွှန်အဖွဲ့တွင်  ညွှန်မှူးများ ၅ဦးမှ ၇ဦးအထိ ပါရှိနိုင်သည်။ [ဤ ပုဒ်ကို ပြင်ဆင်လိုပါက Corporations Act (Ontario) R.S.O. 1990, c. C.38 နှင့်အညီ ဖြစ်ရမည်]။

၅-၁၄။ မဟာ ဓမ္မိကကျောင်း၏ ကျောင်းထိုင် ဆရာတော်နှင့် BBAO ၏ တည်ဆဲ ဥက္ကဋ္ဌတို့သည် ညွှန်အဖွဲ့၏ အမြဲတန်း အဖွဲ့ဝင်များ ဖြစ်သည်။ အခြား ညွှန်အဖွဲ့ဝင်များသည် BBAO ၏ အသင်းဝင် ဖြစ်ရန် လိုအပ်သော်လည်း အမှုဆောင် အဖွဲ့ဝင် ဖြစ်ရန် မလိုပါ။

၅-၁၅။ ညွှန်အဖွဲ့၏ အစည်းအဝေးတခု အထမြောက်ရန် အနည်းဆုံး ညွှန်မှူး ၄ ဦး လူကိုယ်တိုင် တက်ရောက်ရမည်။ လူကိုယ်တိုင် မတက်ရောက်နိုင်သော ညွှန်မှူးများအား တယ်လီဖုန်းဖြင့် ပါဝင်ဆွေးနွေးနိုင်စေရန် အစည်းအဝေး၏ နေရာဌာန၊ အချိန်စသည်တို့ကို ကြိုတင် အကြောင်းကြားထားပြီး ဖြစ်စေရမည်။

၅-၁၆။ ညွှန်အဖွဲ့၏ အစည်းအဝေးများတွင် ကျောင်းထိုင်ဆရာတော်သည် သဘာပတိ အဖြစ် ဆောင်ရွက်မည်။ ဆရာတော် အစည်းအဝေး မတက်နိုင်ပါက တက်ရောက်သော ညွှန်မှူးများထဲမှ အသင်းဝင်နှစ် အားဖြင့်သော်လည်းကောင်း၊ BBAO အတွက် ထမ်းဆောင်ခဲ့သည့် ရာထူးအားဖြင့်သော် လည်းကောင်း အဆင့်အမြင့်ဆုံးပုဂ္ဂိုလ်သည် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

၅-၁၇။ ညွှန်အဖွဲ့၏ ဆုံးဖြတ်ချက်များကို သာမန် "မဲများ မဲနိုင်" စံနစ်ဖြင့် အတည်ပြုမည်ဖြစ်ပြီး တယ်လီဖုန်းဖြင့် ပါဝင်ဆွေးနွေးသူများ၏ မဲကို လူကိုယ်တိုင် တက်ရောက်သကဲ့သို့ ရေတွက်မည်။ "မဲညီ" ဖြစ်နေပါက အစည်းအဝေး သဘာပတိမှ ဆုံးဖြတ်မဲ ပေးရမည်။

၅-၁၈။ ကျွမ်းကျင်မှု ပညာရှင်များ၊ BBAO အတွက် အကျိုးရှိနိုင်မည့် ထင်မြင်ချက်/အကြံဉာဏ် ပေးနိုင်ခြေရှိသူ ပုဂ္ဂိုလ်များကို  ညွှန်အဖွဲ့၏ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။ အစည်းအဝေးတွင် ဖိတ်ကြားထားသော ဧည့်သည်များ ရှိစေကာမူ အစည်းအဝေး အထမြောက်ရန် လိုအပ်သော ညွှန်မှူးအရည်အတွက် မပြောင်းလဲပါ။ ထို့အပြင် အစည်းအဝေး ဆုံးဖြတ်ချက်များအတွက် မဲပေးရာတွင် ဧည့်သည်များ မပါဝင်ရပါ။

၅-၁၉။ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးတိုင်းတွင် တာဝန်ဆက်လက် ထမ်းဆောင်လိုသူ ညွှန်မှူးများကို အများသဘောတူ ပြန်လည် အတည်ပြုရမည်။ ညွှန်မှူး အသစ်များ ခန့်အပ်မည် ဆိုပါက လက်ရှိညွှန်အဖွဲ့မှ အဆိုပြုသူကို အစည်းအဝေးတက်ရောက်သူ အသင်းဝင် အများစု၏ ထောက်ခံချက်ဖြင့် ခန့်အပ်ရမည်။ ထိုကဲ့သို့ ပြန်လည်အတည်ပြုခြင်း၊ ပုဂ္ဂိုလ်သစ်

ခန့်အပ်ခြင်းများအတွက် ပွင့်လင်းမဲပေးစံနစ် (လက်ထောင်ခြင်း) ကို သုံးနိုင်ပါသည်။ သို့သော် အသင်းဝင်တဦးမှ တောင်းဆိုပါက လျှို့ဝှက်မဲပေးစံနစ်ကို သုံးရမည်။

၅-၁၀။ ညွှန်မှူးနေရာတခုသည် အောက်ပါ အကြောင်းများကြောင့် လစ်လပ်နေရာ ဖြစ်လာနိုင်သည်။

(က) လက်ရှိညွှန်မှူးမှ အသင်း၏ အတွင်းရေးမှူးထံ နှုတ်ထွက်စာတင်ခြင်း

(ခ) လူပုဂ္ဂိုလ်၏ စိတ်ကျမ်းမာမှု အခြေအနေအရ ဆက်လက်တာဝန် ထမ်းဆောင်ရန် မဖြစ်နိုင်ခြင်း

(ဂ) နှစ်ပတ်လည် သို့မဟုတ် အထူးခေါ်သော သင်းလုံးကျွတ် အစည်းအဝေးတွင် အစည်းအဝေးတက်သူများ၏ ၃ ပုံ၊ ၂ပုံ မဲဖြင့် လူပုဂ္ဂိုလ်ကို တာဝန်မှ ရပ်ဆိုင်းရန် တောင်းဆိုခြင်း

(ဃ) လူပုဂ္ဂိုလ် သေဆုံးခြင်း

## ၆။ အလုပ်အမှုဆောင် အဖွဲ့

၆-၁၁။ တာဝန်စတင်ယူသည့်နေ့မှစ၍ အမှုဆောင်အဖွဲ့တဖွဲ့၏ တာဝန်သက်တန်းသည် ၂နှစ်ခန့် ဖြစ်ပြီး မည်သည့်အကြောင်းကြောင့်မျှ ၃နှစ် ထက်မပိုရ။

၆-၁၂။ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးတိုင်းတွင် အလုပ်အမှုဆောင်အဖွဲ့မှ နှုတ်ထွက်လိုသူများကို နှုတ်ထွက်ခွင့် ပေးရမည်။ ဆက်လက်တာဝန်ထမ်းဆောင်လိုသူများကို အများသဘောတူ ပြန်လည် အတည် ပြုရမည်။

၆-၁၃။ အလုပ်အမှုဆောင် အဖွဲ့ဝင် ၁၅ ဦး အထိ လျှော့နည်းလာပါက လက်ကျန် အမှုဆောင်များသည် လုပ်အားရှင် အသစ်များကို ရှာဖွေခြင်းဖြင့် လစ်လပ်နေရာများကို အတတ်နိုင်ဆုံး ကြိုးစား ဖြည့်စွက်ရမည်။ ထိုသို့ ဖြည့်စွက် ခန့်အပ် ခံရသူ အမှုဆောင်များသည် နောက်တကြိမ် သင်းလုံးကျွတ် အစည်းအဝေးအထိ တာဝန်ထမ်းဆောင်ရန် ဖြစ်ပြီး၊ ထိုပုဂ္ဂိုလ်များ၏ ခန့်အပ်ချက်ကို သင်းလုံးကျွတ် အစည်းအဝေးမှ အများသဘောတူ အတည်ပြုပေးရမည်။

၆-၁၄။ နှစ်ပတ်လည် သို့မဟုတ် အထူး သင်းလုံးကျွတ် အစည်းအဝေးတွင် လက်ရှိ အမှုဆောင်အဖွဲ့သည် တာဝန်ထမ်းဆောင်သည့်ကာလ လ-၂၀ ကျော်လွန်ပြီ ဆိုပါက ရွေးကောက်ပွဲ လုပ်မည့်ရက်ကို သတ်မှတ် ကြေညာရမည့်အပြင် အလုပ်အမှုဆောင် အဖွဲ့သစ်၏ အဖွဲ့ဝင်လောင်း စာရင်းကို ပြုစုရမည်။

၆-၁၅။ နာမည်စာရင်း ပြုစုသည့်နေ့မှ ၃-လအတွင်း လျို့ဝှက်မဲပေး စံနစ်ဖြင့် အမှုဆောင် အဖွဲ့သစ်ကို ရွေးချယ်ရမည်။

၆-၁၆။ အမှုဆောင် အဖွဲ့သစ်၏ ပထမ အစည်းအဝေးတွင် အမှုဆောင်များမှ BBAO ၏ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူး နှင့် ဘဏ္ဍာရေးမှူး တို့ကို ရွေးချယ် ခန့်ထားရမည်။ BBAO ၏ အမှုဆောင် အရာရှိများ ဖြစ်လာမည့် ထို ၅ဦးကို တာဝန်စတင်ထမ်းဆောင်သည့် အချိန်အထိ "လျာထား အရာရှိများ"ဟု သတ်မှတ်သည်။

၆-၁၇။ အမှုဆောင် အဖွဲ့သည် အသင်း၏အကျိုး မျှော်ကိုး၍ ကိစ္စ အဝဝကို တာဝန်ယူ ဆောင်ရွက်သွားရန် ဖြစ်သည်။

## ၇။ အမှုဆောင် အရာရှိများ

၇-၁၁။ အသင်း၏ ကိစ္စအဝဝကို အမှုဆောင်အရာရှိများမှ ကြပ်မတ် တာဝန်ယူရမည်။

၇-၁၂။ အသင်း၏ အမှုဆောင်အရာရှိများမှာ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူး နှင့် ဘဏ္ဍာရေးမှူး တို့ဖြစ်၏။[ဤ ပုဒ်ကို ပြင်ဆင်လိုပါက Corporations Act (Ontario) R.S.O. 1990, c. C.38 နှင့်အညီ ဖြစ်ရမည်]။

၇-၁၃။ အမှုဆောင်အရာရှိ အဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် ကောင်းစွာတည်ဆဲ အသင်းဝင်သည် အသက် ၁၈-နှစ် ပြည့်ပြီး ဖြစ်ရမည်။

၇-၁၄။ အမှုဆောင် အရာရှိ တဦးစီ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်၏။

ဥက္ကဋ္ဌ - အသင်းဝင်များ၏ အစည်းအဝေးနှင့် အမှုဆောင် အဖွဲ့၏ အစည်းအဝေးများတွင် ဥက္ကဋ္ဌသည် လူကိုယ်တိုင် တက်ရောက်ပါက အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်မည်။ ထို့အပြင် ဥက္ကဋ္ဌသည် BBAO၏ ကိစ္စအဝဝကို ကြည့်ကြပ်စီမံရန် တာဝန်ပေးခံရသူ ဖြစ်၏။

ဒု-ဥက္ကဋ္ဌ - ဥက္ကဋ္ဌ မရှိသောအခါ သို့မဟုတ် တာဝန်ထမ်းဆောင်ရန် မဖြစ်နိုင်သော အခါများတွင် ဒု-ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏ လုပ်ပိုင်ခွင့်နှင့် အာဏာများကို သုံးနိုင်သည်။ ထို့အပြင် ဥက္ကဋ္ဌမှ ယာယီ

ပေးအပ်သော လုပ်ပိုင်ခွင့်ကို သုံး၍ဖြစ်စေ၊ ညွှန်အဖွဲ့၏ တောင်းဆိုမှုအရဖြစ်စေ လုပ်ရန်ကိစ္စများကို ဆောင်ရွက်မည်။

အတွင်းရေးမှူး - အတွင်းရေးမှူး ထမ်းဆောင်သော တာဝန်များမှာ ...

၁/ အသင်းဝင် အားလုံးထံ၊ သို့မဟုတ် အမှုဆောင် အဖွဲ့ဝင်များသာ၊ သို့မဟုတ် ညွှန်မှူးများထံသို့သာ စာရွက်စာတမ်းများပို့ခြင်း၊ သတင်း ကြေညာချက်များ ထုတ်ပြန်ခြင်း၊

၂/ အသင်းဝင်များ၊ သို့မဟုတ် အမှုဆောင် အဖွဲ့၏ အစည်းအဝေးများကို တက်ရောက်ခြင်းနှင့် ထိုအစည်းအဝေးများ၏ မှတ်တမ်းများ၊ ဆုံးဖြတ်ချက်များကို ပြုစု မော်ကွန်းတင်ခြင်း၊

၃/ BBAO ၏ တရားဝင် အမှတ်တံဆိပ်ကို ထိမ်းသိမ်း စောင့်လျှောက်သူအဖြစ် ဆောင်ရွက်ရန်၊

၄/ ဝင်ငွေ ထွက်ငွေမှတ်တမ်းများမှလွဲ၍ BBAO ၏ အခြား တရားဝင် စာရွက်စာတမ်းများနှင့် မှတ်တမ်းများကို ထိမ်းသိမ်း စောင့်လျှောက်သူအဖြစ် ဆောင်ရွက်ရန် ...

အထက်ပါ တာဝန်များ အပြင် ဘဏ္ဍာရေးမှူးအဖြစ် အခြား ပုဂ္ဂိုလ်တဦးကို ခန့်ထားခြင်း မရှိပါက အတွင်းရေးမှူးသည် ဘဏ္ဍာရေးမှူး၏ တာဝန်ကို ပူးတွဲ ဆောင်ရွက်ရမည်။ ထိုကဲ့သို့ တာဝန်ထမ်းသော အရာရှိကို "ပူးတွဲ အတွင်းရေးမှူး ဘဏ္ဍာရေးမှူး" ဟုခေါ်တွင်မည်။

တွဲဖက် အတွင်းရေးမှူး - အတွင်းရေးမှူးအား ကူညီ ပံ့ပိုးပေးသည်။ အတွင်းရေးမှူး မရှိသည့် အခါ၊ သို့မဟုတ် တာဝန်ထမ်းဆောင်ရန် မဖြစ်နိုင်သည့် အခါများတွင် တွဲဖက် အတွင်းရေးမှူးသည် အတွင်းရေးမှူး၏ လုပ်ပိုင်ခွင့်များကို ခံယူ၍ အတွင်းရေးမှူး၏ တာဝန်များကို ထမ်းဆောင်မည်။

ဘဏ္ဍာရေးမှူး - ဘဏ္ဍာရေးမှူးထမ်းဆောင်သော တာဝန်များမှာ ...

၁/ BBAO ၏ ဝင်ငွေ ထွက်ငွေ မှတ်တမ်းများကို ပြုစု ထိမ်းသိမ်းရန်၊

၂/ ငွေကြေးလက်ခံခြင်းနှင့် အသုံးစားရိတ်များကို ပေးဆောင်ခြင်း၊

၃/ ညွှန်အဖွဲ့၏ အစည်းအဝေးတွင်သော် လည်းကောင်း၊ အခြားလိုအပ်သော အခါများတွင်သော် လည်းကောင်း ဘဏ္ဍာရေးမှူး၏တာဝန်အရ လုပ်ဆောင်ခဲ့သော ကိစ္စ အဝဝကို လူသိရှင်ကြား တင်ပြခြင်း၊

၄/ နှစ်စဉ် အမြတ်ခွန် ရှင်းတမ်း ပြုစုခြင်း အပါအဝင် ညွှန်အဖွဲ့မှ ပေးအပ်သော အခြား တာဝန်များကို ထမ်းဆောင်ခြင်း။

၇-၁၅။ အမှုဆောင် အရာရှိများ၏ အစည်းအဝေးတခု အထမြောက်ရန် အနည်းဆုံး အရာရှိ ၃ ဦး လူကိုယ်တိုင် တက်ရောက်ရမည်။ လူကိုယ်တိုင် မတက်ရောက်နိုင်သော အရာရှိအား တယ်လီဖုန်းဖြင့် ပါဝင်ဆွေးနွေးနိုင်စေရန် အစည်းအဝေး၏ နေရာဌာန၊ အချိန်စသည်တို့ကို ကြိုတင် အကြောင်းကြားထားပြီး ဖြစ်စေရမည်။

၇-၁၆။ အမှုဆောင် အရာရှိများ၏ အစည်းအဝေးများတွင် ဥက္ကဋ္ဌသည် အစည်းအဝေး၏ သဘာပတိ အဖြစ် ဆောင်ရွက်မည်။ ဥက္ကဋ္ဌ အစည်းအဝေး မတက်ရောက်နိုင်ပါက ဥက္ကဋ္ဌမှ တာဝန်လွှဲအပ်ခြင်း ခံရသူ၊ ထိုသို့ တာဝန်လွှဲအပ်ခြင်း မရှိပါက အစည်းအဝေးကို လူကိုယ်တိုင် တက်ရောက်သော အရာရှိများထဲမှ အဆင့်အမြင့်ဆုံးပုဂ္ဂိုလ်သည် အစည်းအဝေး၏ သဘာပတိ အဖြစ် ဆောင်ရွက်မည်။

၇-၁၇။ အမှုဆောင် အရာရှိများ၏ အစည်းအဝေး ဆုံးဖြတ်ချက်များကို သာမန် "မဲများ မဲနိုင်" စံနစ်ဖြင့် အတည်ပြုမည်ဖြစ်ပြီး တယ်လီဖုန်းဖြင့် ပါဝင်ဆွေးနွေးသူများ၏ မဲကို လူကိုယ်တိုင် တက်ရောက်သကဲ့သို့ ရေတွက်မည်။ "မဲညီ" ဖြစ်နေပါက အစည်းအဝေး သဘာပတိမှ ဆုံးဖြတ်မဲ ပေးရမည်။

၇-၁၈။ ကျွမ်းကျင်မှု ပညာရှင်များ၊ BBAO အတွက် အကျိုးရှိနိုင်မည့် ထင်မြင်ချက်/အကြံဉာဏ် ပေးနိုင်ခြေရှိသူ ပုဂ္ဂိုလ်များကို  အမှုဆောင် အရာရှိများ၏ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။ အစည်းအဝေးတွင် ဖိတ်ကြားထားသော ဧည့်သည်များ ရှိစေကာမူ အစည်းအဝေး အထမြောက်ရန် လိုအပ်သော အမှုဆောင်အရာရှိ အရေအတွက် မပြောင်းလဲပါ။ ထို့အပြင် အစည်းအဝေး ဆုံးဖြတ်ချက်များအတွက် မဲပေးရာတွင် ဧည့်သည်များ မပါဝင်ရပါ။

၇-၁၉။ အမှုဆောင် အရာရှိနေရာတခုသည် အောက်ပါ အကြောင်းများကြောင့် လစ်လပ်နေရာ ဖြစ်လာနိုင်သည်။

(က) လက်ရှိ အရာရှိမှ အသင်း၏ အတွင်းရေးမှူးထံ နှုတ်ထွက်စာတင်ခြင်း

(ခ) လူပုဂ္ဂိုလ်၏ စိတ်ကျမ်းမာမှု အခြေအနေအရ ဆက်လက်တာဝန် ထမ်းဆောင်ရန် မဖြစ်နိုင်ခြင်း

(ဂ) နှစ်ပတ်လည် သို့မဟုတ် အထူးခေါ် သင်းလုံးကျွတ် အစည်းအဝေးတွင် အစည်းအဝေးတက်သူများ၏ ၃ ပုံ၊ ၂ပုံ မဲဖြင့် လူပုဂ္ဂိုလ်ကို တာဝန်မှ ရပ်ဆိုင်းရန် တောင်းဆိုခြင်း

(ဃ) လူပုဂ္ဂိုလ် သေဆုံးခြင်း

၇-၁၀။ အမှုဆောင် အရာရှိများတွင် အသင်း၏ ရည်ရွယ်ချက်များကို အကောင်အထည် ဖော်ရန်အတွက် ငွေသုံးစွဲပိုင်ခွင့် ရှိစေရမည်။

၇-၁၁။ ဥက္ကဋ္ဌသည် အသင်းဝင်များပါသော အထူးတာဝန်ပေး ကော်မတီများကို လိုအပ်သလို ဖွဲ့စည်းပေးနိုင်သည်။ ကော်မတီ၏ ခေါင်းဆောင်အဖြစ် ဆောင်ရွက်သူသည် ကော်မတီ၏ လုပ်ဆောင်မှုများကို ဥက္ကဋ္ဌထံ အချိန်မှန် သတင်းပို့ အစီရင် ခံရမည်။

၇-၁၂။ အသင်းဥပဒေ များကို ပြင်ဆင်ခြင်း

ဤ ဖွဲ့စည်းပုံ ဥပဒေမှလွဲ၍ အသင်း၏ အခြား ဥပဒေများကို ပယ်ဖျက်ရန်၊ သို့မဟုတ် ပြင်ဆင်ရန် လိုအပ်ချက်မှာ ...

အမှုဆောင် အရာရှိများ၏ အစည်းအဝေးတွင် အများသဘောတူ ဆန္ဒဖြင့် အသင်းဥပဒေ ကို ပယ်ဖျက်ရန်၊ သို့မဟုတ် ပြင်ဆင်ရန် ဆုံးဖြတ်ရမည်။

ထိုဆုံးဖြတ်ချက်ကို ညွှန်အဖွဲ့မှ မဲခွဲခြင်းဖြင့် အတည်ပြုရမည်။

၇-၁၃။ မြေအိမ်ယာနှင့် ပတ်သက်သော၊ သို့မဟုတ် တန်ဘိုး ဒေါ်လာ ၅၀၀၀ အထက် ကိစ္စများကို အတည်ပြုခြင်း

BBAO သည် မြေအိမ်ယာနှင့် ပတ်သက်သော၊ သို့မဟုတ် တန်ဘိုး ဒေါ်လာ ၅၀၀၀ အထက် ကိစ္စများကို လုပ်ဆောင်လိုပါက ...

အမှုဆောင် အရာရှိများ၏ အစည်းအဝေးတွင် အဆိုပါကိစ္စကို လုပ်ဆောင်ရန် ဆုံးဖြတ်ချက် ချရမည်။

ထိုဆုံးဖြတ်ချက်ကို ညွှန်အဖွဲ့မှ မဲခွဲဆုံးဖြတ်ခြင်းဖြင့် အတည်ပြုရမည်။

၇-၁၄။ အခြေအနေအရ လိုအပ်ပါက အမှုဆောင် အရာရှိများသည် စည်းမျဉ်းသစ်၊ လုပ်ထုံးသစ်များကို အစောတလျင် ချမှတ်ပိုင်ခွင့် ရှိသည်။ ထိုစည်းမျဉ်းသစ်၊ လုပ်ထုံးသစ်များသည် အသင်း၏ အုပ်ချုပ် လည်ပတ်မှုနှင့် ဆိုင်သော အသင်း ဥပဒေများနှင့် ဖီလာဆန့်ကျင် မဖြစ်ရမည့်အပြင် ချမှတ်ပြီးနောက် ကျင်းပသည့် သင်းလုံးကျွတ် အစည်းအဝေး အထိသာ တည်မြဲ၏။ သင်းလုံးကျွတ် အစည်းအဝေးမှ စည်းမျဉ်းသစ်၊ လုပ်ထုံးသစ်များကို အတည်ပြုပေးရန် လိုအပ်သည်။ အတည်ပြုချက် မရပါက အစည်းအဝေးတွင်သော်လည်းကောင်း နောင်ကာလများတွင်သော်လည်းကောင်း အဆိုပါ စည်းမျဉ်း လုပ်ထုံးများ ပျက်ပြယ်သည်။

## ၈။ ခန့်အပ် အရာရှိများ

၈-၁၁။ ညွှန်အဖွဲ့နှင့် အမှုဆောင်အဖွဲ့သည် အခါအားလျော်စွာ အသင်းဝင် တဦးတယောက်ကို အခင်းဂန္တတခုမှ ပါဝင်ဆောင်ရွက်ရန် သို့မဟုတ် အထူးတာဝန်ထမ်းဆောင်ရန် ခန့်အပ်နိုင်သည်။ ထိုသို့ ခန့်အပ်ခံရသူ ပုဂ္ဂိုလ်အား ခန့်အပ် အရာရှိဟု ခေါ်တွင်မည်။

၈-၁၂။ ခန့်အပ်ခံရသူသည် BBAO အသင်းဝင် ဖြစ်ရန် လိုအပ်သော်လည်း အမှုဆောင် အဖွဲ့ဝင် ဖြစ်ရန် မလိုပါ။

၈-၁၃။ အောက်ပါ ဥပမာများ အပြင် အခြားသော ခန့်အပ် အရာရှိများလည်း ရှိနိုင်ပါသည်။ ဥပမာများ - အကြံပေး အရာရှိ၊ ပြန်ကြားရေးမှူး၊ စာရင်းစစ်၊ ပြင်ပရေးရာ တာဝန်ခံ (အခြား အသင်းအဖွဲ့များနှင့် ဆက်သွယ်ရန်)၊ ကော်မတီခွဲများ၏ ခေါင်းဆောင်များ။

## ၉။ ညွှန်ကြားရေးမှူးများနှင့် အရာရှိများအား ဥပဒေကြောင်းအရ အကာအကွယ် ပေးခြင်း

ဘာသာပြန်သူ၏အမှာ - ဤအခင်း (အခင်း ၉) တွင် ပါဝင်သော ပုဒ်များသည် ရာဇဝတ် ဥပဒေနှင့် ပတ်သက်၍ အတိအကျ ဘာသာပြန်ရန် ခက်ခဲသောကြောင့် ဆိုလိုရင်း အဓိပ္ပါယ်ကိုသာ အကျဉ်း ဖော်ပြပါမည်။

၉-၁၁။ မိမိကိုယ်တိုင် မသမာမှု မပြုသူ အရာရှိ (သို့မဟုတ် ညွှန်မှူး) တဦးသည် အခြား အရာရှိများ၏ ပေါ့ဆမှု မှားယွင်းမှုများအတွက် ဥပဒေအရ တာဝန် မရှိစေရ။ ညွှန်အဖွဲ့၏ စေခိုင်းချက်အရ တန်ဘိုးကြီး ပစ္စည်းများ(အိမ်မြေယာ အပါအဝင်) ရောင်းဝယ်ရာမှ အရှုံးပေါ်ခဲ့သော် အရာရှိတွင် ဥပဒေအရ တာဝန်မရှိ။ (ဤပုဒ်သည် မသမာမှုနှင့် မရည်ရွယ်သော အမှားတို့ကို ခွဲခြားပေးခြင်း ဖြစ်၏။ ဆိုလိုရင်း - မသမာမှုမပြုသော ပုဂ္ဂိုလ်တဦးကို အမှားများ လုပ်မိစေကာမူ တရားစွဲ၍ မရ)

၉-၁၂။ အရာရှိ (သို့မဟုတ် ညွှန်မှူး) တဦးသည် မိမိ၏ တာဝန်များကို ထမ်းဆောင်ရာမှ အကြောင်း တစုံတရာကြောင့် ကုန်ကျစားရိတ်များ ပေါ်ပေါက်လာပါက ထိုစားရိတ်အားလုံးကို BBAO မှ ပြန်လည် ပေးဆောင်ရမည်။ (ဤပုဒ်ကို အဆုံးစွန် အဓိပ္ပါယ်ဖွင့်ပါက တဦးတယောက်သည် BBAO ၏တာဝန် ထမ်းဆောင်ရာမှ တရားစွဲခံရသည် ဒါဏ်ငွေဆောင်ရသည်ဖြစ်သော် ယင်းကုန်ကျစားရိတ်အားလုံးကို BBAO မှ ကျခံရမည်ဟု ဆိုလိုသည်)

၉-၀၃။ မည်သူမျှ (အရာရှိ သို့မဟုတ် ညွှန်မှူး) BBAO အတွက် တာဝန်ထမ်းဆောင်ပေးသောကြောင့် အခကြေးငွေ မရစေရ။

## ၁၀။ အသင်းဝင်များ၏ အစည်းအဝေး

၁၀-၀၁။ ညွှန်အဖွဲ့ သို့မဟုတ် အမှုဆောင်အဖွဲ့မှ သတ်မှတ်သော အွန်တာရီယို ပြည်နယ်တွင်းရှိ နေရာ၊ နေ့ရက်နှင့် အချိန်တွင် အသင်းဝင်များ၏ နှစ်ပတ်လည် အစည်းအဝေးကို နှစ်စဉ် ကျင်းပရမည်။ အစည်းအဝေး၏ ရည်ရွယ်ချက်မှာ တာဝန်ဆက်လက် ထမ်းဆောင်လိုသူ ညွှန်မှူးများကို ထပ်ဆင့် အတည်ပြုခြင်း၊ အသစ်ခန့် ညွှန်မှူးများ၏ ခန့်အပ်မှုကို အတည်ပြုပေးခြင်း၊ တာဝန်ဆက်လက် ထမ်းဆောင်မည့် အမှုဆောင် အဖွဲ့ဝင်များနှင့် အရာရှိများကို ထပ်ဆင့် အတည်ပြုခြင်းနှင့် အစည်းအဝေးသို့ တင်ပြသော အခြား ကိစ္စ အဝဝကို လုပ်ဆောင်ရန် ဖြစ်၏။

၁၀-၀၂။ အသင်း ဥက္ကဋ္ဌသည် အထူး သင်းလုံးကျွတ် အစည်းအဝေးကို မိမိကိုယ်တိုင် ရွေးချယ်သော နေရာဌာနနှင့် အချိန်တွင် ခေါ်နိုင်သည်။

၁၀-၀၃။ အသင်းဝင် ၅ဦးမှ လက်မှတ်ထိုး၍ စာရေးတောင်းဆိုပါက ညွှန်အဖွဲ့သည် အထူး သင်းလုံးကျွတ် အစည်းအဝေးကို ခေါ်ရမည်။

၁၀-၀၄။ အထူး သင်းလုံးကျွတ် အစည်းအဝေး ကျင်းပမည့် နေရာနှင့် အချိန်ကို အသင်းဝင် အားလုံးထံ အစည်းအဝေးမတိုင်မီ အနည်းဆုံး ၇ ရက် ကြိုတင် အကြောင်းကြားရမည်။

၁၀-၀၅။ သင်းလုံးကျွတ် အစည်းအဝေး အထမြောက်ရန် လက်ရှိ အသင်းဝင် ၃၀ (အနည်းဆုံး) တက်ရောက်ရမည်။

၁၀-၀၆။ သင်းလုံးကျွတ် အစည်းအဝေးများတွင် အစည်းအဝေးတက်သူ အသင်းသားတိုင်းသည် မဲခွဲ ဆုံးဖြတ်သော မေးခွန်းတခုစီအတွက် ဆန္ဒမဲ ၁မဲ ပေးပိုင်ခွင့် ရှိသည်။

၁၀-၀၇။ သင်းလုံးကျွတ် အစည်းအဝေး၌ မဲခွဲဆုံးဖြတ်မှုများ ပြုသည့်အခါ အသင်းဥပဒေများအရ သို့မဟုတ် တရားဥပဒေအရ အခြား လိုအပ်ချက်များ မရှိပါက သာမန် "မဲများ မဲနိုင်" စံနစ်ကို ကျင့်သုံးမည်။ ပွင့်လင်းမဲပေးခြင်း (လက်ထောင်ခြင်း) ဖြင့်သော် လည်းကောင်း၊

လို့ဝှက်မဲပေးခြင်းဖြင့်သော် လည်းကောင်း "မဲညီ" ဖြစ်နေပါက ဥက္ကဋ္ဌသည် ဒုတိယအကြိမ် မဲပေးပိုင်ခွင့် ရှိသည်။

၁၀-၁၈။ နှစ်ပတ်လည် အစည်းအဝေးတိုင်းတွင် အသင်းဝင်များသည် BBAO ၏ ငွေစာရင်းများကို စစ်ဆေးရန် စာရင်းစစ် တဦးကို ခန့်ထားရမည်။ ထိုသူသည် နောက်တကြိမ် နှစ်ပတ်လည် အစည်းအဝေးတိုင်သည်အထိ စာရင်းစစ် အရာရှိအဖြစ် ဆောင်ရွက်ရန် ဖြစ်သည်။

၁၀-၁၉။ ဖွဲ့စည်းပုံ ဥပဒေကို ပြင်ဆင်ခြင်း
ဖွဲ့စည်းပုံ ဥပဒေကို ပြင်ဆင်ရန် လိုသည်ဟု သုံးပုံနှစ်ပုံသော အမှုဆောင်အဖွဲ့ဝင်များမှ ယူဆပါက အမှုဆောင်အဖွဲ့သည် သော်လည်းကောင်း၊ အထူးတာဝန်အပ်နှင်းခံရသော ကော်မတီခွဲသည် သော်လည်းကောင်း ပြင်ဆင်ရန် အချက်များကို ပြုစု တင်ပြမည်။ အဆိုပြုသည့်အတိုင်း ပြင်ဆင်ထားသော ဖွဲ့စည်းပုံဥပဒေသစ်ကို နှစ်ပတ်လည် သို့မဟုတ် အထူး သင်းလုံးကျွတ် အစည်းအဝေး၌ တက်ရောက်သူ သုံးပုံနှစ်ပုံမှ ထောက်ခံမဲ ပေးသည့် အချိန်မှစ၍ ထိုဥပဒေသည် တည်၏။

## ၁၁။ အကြောင်းကြားစာများ

၁၁-၁၁။ အကြောင်းကြားရန်ပျက်ကွက်ခြင်း သို့မဟုတ် အကြောင်းကြားစာတွင် အမှားများ ပါခြင်း
အစည်းအဝေး လုပ်မည့်အကြောင်း အကြောင်းကြားစာ ပို့ရာတွင် အောက်ဖော်ပြပါ ချို့ယွင်းချက်များ ရှိခဲ့ပါမူ ထိုချို့ယွင်းချက်များကြောင့် အဆိုပါ အစည်းအဝေး၌ လုပ်ဆောင်ခဲ့သော အမှု ကိစ္စများ မပျက်ပြယ်ပါ။ ဖြစ်နိုင်သော ချို့ယွင်းချက်များ ...
တဦးတယောက်သော အသင်းဝင်၊ ညွှန်မှူး၊ အရာရှိထံ မတော်တဆ အကြောင်းကြားစာ မပို့မိခြင်း၊
အကြောင်းကြားစာပို့သော်လည်း လက်ခံ မရရှိခြင်း၊
ပို့သောစာတွင် ဆိုလိုရင်း အဓိပ္ပါယ်ကို မထိခိုက်သော အမှားများပါခြင်း။

၁၁-၁၂။ အစည်းအဝေး ခေါ်သည့် အကြောင်းကြားစာပေးပို့ရန် ပျက်ကွက်သော်လည်း အမှုမထားပါဟု ဆိုခြင်း
အသင်းဝင် သို့မဟုတ် ညွှန်မှူး သို့မဟုတ် အရာရှိတဦးသည် မိမိထံ အစည်းအဝေးခေါ်သည့် အကြောင်းကြားစာ မရောက်သော်လည်း အမှုမထားပါဟု ဆိုခြင်းအားဖြင့် ထိုပျက်ကွက်မှုမှ ပေါ်ပေါက်သော အကျိုးဆက်အားလုံးကို ပြေပျောက် စေနိုင်သည်။ ထိုကဲ့သို့ အဆိုကို အစည်းအဝေး မတိုင်မီ သို့မဟုတ် အစည်းဝေးလွန်ပြီးနောက် ပြုနိုင်၏။

## ၁၂။ စာရွက်စာတမ်းများတွင် တရားဝင်လက်မှတ်ထိုးခြင်း၊ အမှတ်တံဆိပ် ခတ်နှိပ်ခြင်း

၁၂-၀၁။ စာချုပ် (ကွန်ထရက်) များ၊ စာရွက်စာတမ်းများနှင့် တရားဝင် လက်မှတ်လိုအပ်သော ကိစ္စအဝဝသည် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့ထဲမှ ၂ ဦး၏ လက်မှတ်ပါရှိပါက အခြားထောက်ခံချက်များ မလိုပဲ BBAO ၏ ကတိဝန်ခံချက် (ပဋိညာဉ်) မြောက်၏။

၁၂-၀၂။ ညွှန်အဖွဲ့နှင့် အမှုဆောင်အဖွဲ့တို့သည် အချို့သော သို့မဟုတ် အားလုံးသော စာရွက်စာတမ်းများကို BBAO ကိုယ်စား လက်မှတ်ထိုးပိုင်ခွင့် ရှိသည့် အရာရှိတဦးကို အသင်းဥပဒေသစ်တခု ပြဋ္ဌာန်းခြင်းဖြင့် ခန့်အပ်ပိုင်ခွင့် ရှိသည်။

၁၂-၀၃။ BBAO ၏ အမှတ်တံဆိပ်ကို အထက်ဖော်ပြပါအတိုင်း လက်မှတ်ထိုးထားသည့် စာရွက်စာတမ်းများတွင် လိုအပ်သလို ဖေါ်ပြ သုံးစွဲပိုင်ခွင့်ရှိသည်။ ညွှန်အဖွဲ့ သို့မဟုတ် အမှုဆောင်အဖွဲ့မှ ခန့်အပ်ထားသော အရာရှိသည်လည်း BBAO ၏ အမှတ်တံဆိပ်ကို လိုအပ်သလို ဖော်ပြ သုံးစွဲနိုင်သည်။